# PEOPLE’S DEFENSE FORCE (TAMU) တပ်ရင်း - ၁

## သတိပေးထုတ်ပြန်ကြေညာချက်

ကြေညာချက်အမှတ် ( ၁၉/၂၀၂၁ ) ရက်စွဲ။ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ( ၂ )ရက်

တမူးခရိုင်နှင့်မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာ ဝန်ထမ်းများအနေဖြင့် အကြမ်းဖက် စစ်ကောင်စီ၏ လက်အောက်တွင် ရုံးမတက်ကြရန် (၇.၉.၂၀၂၁)ရက်နေ့ ရက်စွဲဖြင့် ထုတ်ပြန်သော ကြေညာချက်အမှတ် ( ၀၅/၂၀၂၁) ဖြင့်လည်းကောင်း၊ (၂၇.၁၀.၂၀၂၁)ရက်နေ့ ရက်စွဲဖြင့်ထုတ်ပြန်သော ကြေညာချက်အမှတ် ( ၁၇/၂၀၂၁) ဖြင့်လည်းကောင်း မိမိတို့ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (တမူးမြို့) တပ်ရင်း - ၁ အနေဖြင့် ကြေညာချက်များ ထုတ်ပြန်၍ သတိပေးခဲ့ပြီးဖြစ်သည်။

သို့ရာတွင် တမူးမြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များနှင့် စည်ပင်ဝန်ထမ်းများသည် မိမိတို့၏ သတိပေး ကြေညာချက်များအား ပမာမခန့်ပြုကာ ဆက်လက်၍ ရုံးတက်နေခြင်း၊ ရောဂါကပ်ဘေး စစ်ဘေးများကြောင့် (၅)လခန့် ဈေးပိတ်ခံထားသော တမူးမြို့မဈေးရှိ ပြည်သူများခက်ခဲကြပ်တည်းနေချိန်တွင် ဆိုင်အခွန်အခများ ကောက်ခံ တောင်းယူနေခြင်းစသည့် လုပ်ရပ်များဖြင့် အကြမ်းဖက်စစ်ကောင်စီ၏ ယန္တရားလည်ပတ်နိုင်ရေးကို ဆောင်ရွက်နေကြဆဲ ဖြစ်သည်။

သို့ကြောင့် မိမိတို့ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (တမူးမြို့) တပ်ရင်း - ၁ ၏ လက်ရုံးပျောက်ကြား တပ်ဖွဲ့မှ (၂.၁၁.၂၀၂၁)ရက်နေ့ နံနက် (၅၂၀)ချိန်တွင် တမူးမြို့နယ်စည်ပင်ရုံးအား ဗုံးတစ်လုံး ဖောက်ခွဲ၍ သတိပေးလိုက်ခြင်းဖြစ်သည်။ ဆက်လက်၍ မိမိတို့အနေဖြင့် တမူးခရိုင်နှင့်မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာရုံးများနှင့် ဝန်ထမ်းများ၏ ရုံးတက်မှုအခြေနေများအား မျက်ခြေမ ပြတ်စောင့်ကြည့်နေပြီး မိမိတို့၏ သတိပေးကြေညာချက်များကို ဆန့်ကျင် လုပ်ဆောင်နေပါက ရုံးတက်နေသော ဝန်ထမ်းများ၏ လုံခြုံရေးကိုပင် အာမခံတော့မည် မဟုတ်ကြောင်း သတိပေး ထုတ်ပြန်ကြေညာလိုက်သည်။

ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(တပ်ရင်း - ၁)

တမူးမြို့